ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ညွှန်ကြားချက်အမှတ် ( ၁ /၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ COVID-19 ရောဂါ ဖြစ်ပွားမှုကြောင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ပုံမှန်မဆောင်ရွက်နိုင်စဉ် ကာလအတွင်း အသင်းဝင်များက ချေးငွေပြန်လည်ပေးဆပ်မှု နောက်ကျခြင်းအတွက် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ကောက်ခံရန်ကျန်ရှိသော ချေးငွေ လက်ကျန်များအပေါ် ချေးငွေဆုံးရှုံးမှု လျာထားရာတွင် ချေးငွေလက်ကျန်ပမာဏ၏ ၁% သတ်မှတ် ဆောင်ရွက်ခြင်းကို ၂၀၂၁ ခုနှစ် ဇွန်လကုန်အထိ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်ထုတ်ပြန် ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုကာလသည် COVID-19 ရောဂါကူးစက်ပြန့်နှံ့မှုကို ထိန်းချုပ်ရန် ဆောင်ရွက်နေဆဲ ဖြစ်သဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ပုံမှန်မဆောင်ရွက်နိုင်စဉ် ကာလအတွင်း အသင်းဝင်များ၏ ချေးငွေပြန်လည်ပေးဆပ်မှု နောက်ကျခြင်းအတွက် ချေးငွေအတန်းအစား ခွဲခြား ခြင်းနှင့် ချေးငွေဆုံးရှုံးမှု လျာထားခြင်းအား ချေးငွေလက်ကျန်ပမာဏ၏ ၁% သတ်မှတ်ဆောင်ရွက် ခြင်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကုန်အထိ လိုက်နာဆောင်ရွက်ရန် တိုးမြှင့်သတ်မှတ်လိုက်သည်။

ဝင်းရှိန်

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက - ၁/ ၆ ( ၂၀၈ /၂၀၂၁)

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်

**ဖြန့်ဝေခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအားလုံး

အထက်မြန်မာပြည်/ အောက်မြန်မာပြည် ကြီးကြပ်စစ်ဆေးရေးရုံး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊

မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

အမိန့်အရ

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ